အိန္ဒိယနိုင်ငံသံရုံး
ရန်ကုန်မြို့

## <u>သတင်းထုတ်ပြန်ချက်</u>

အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ အသင့်ဆောက်လုပ်ပြီးလူနေအိမ် **(၂၅၀)** လုံး လွှဲပြောင်းပေးအပ်ခြင်း

အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Saurabh Kumar သည် နေရပ်ပြန်လာသူများအား ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီတွဲဘက်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ဇံထံသို့ နေရပ်စွန့်ခွာသွားကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လည်ဝင်ရောက်လာကြသူများ အသုံးပြုနိုင်ရန် လှူဒါန်းသည့် အသင့်နေထိုင်နိုင်သောအိမ် (၂၅၀)နှင့်သက်ဆိုင်သောစာရွက်စာတမ်းများအား ရခိုင်ပြည်နယ်၊ မောင်တောတွင် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ(၉)ရက်နေ့၌ ကျင်းပသည့်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ပေးအပ်ခဲ့ပါသည်။ဝန်ကြီး ဦးအောင်ကျော်ဇံမှ အိန္ဒိယနိုင်ငံသံအမတ်ကြီးသို့ ကျေးဇူးတင်လွှာပြန်လည်ပေးအပ်ခဲ့ပါသည်။ ထိုအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးလည်းတက်ရောက် ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအတွက်ကျေးဇူး တင်ရှိပါ ကြောင်း ပြောကြားခဲ့သည့်အပြင် နှစ်နိုင်ငံကြားရှိ တိုးပွားလာသော ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများအားလည်း ပြန်လည်ညွှန်းဆိုပြောကြား ခဲ့ပါသည်။

အိန္ဒိယနိုင်ငံအစိုးရသည် (၅)နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ(၂၅)သန်းကူညီရန်သတ်မှတ်ထားသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ပါဝင်သော စီမံကိန်းများအားဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်း တွင်ရှိသော အိမ်အလုံးပေါင်း(၂၅၀) ၏တည်နေရာများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ရေးဇား - ၁၄၈ လုံး
(၂) ကြိမ်ချောင်းတောင် - ၆၀ လုံး
(၃) နံ့သာတောင် - ၄၂ လုံး

အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် နားလည်မှုစာချွန်လွှာ အား ထိုဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ရည်ရွယ်လျက် ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေး ထိုးခဲ့ကြပါသည်။ ထိုအစီအစဉ်တွင် ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုးရေးနှင့်ဆက်နွယ်သောဆောင်ရွက်ချက်များ၊သီးနှံနှင့် စိုက်ပျိုးရေးပညာဆက်နွယ်မှုလေ့လာသည့်ပညာ၊လူမှုအသိုက်အဝန်းတိုးတက်ရေးကဏ္ဍများအတွက်အခြေခံအ ဆောက်အအုံ များဖန်တီးပေးခြင်းနှင့်ထိုကဏ္ဍများနှင့်ဆက်စပ်သောသင်တန်းများဆောင်ရွက်ပေးခြင်းတို့ပါဝင်သည်။
အခြားအရာများဆောင်ရွက်ပေးခြင်းနှင့်အတူတံတားငယ်များတည်ဆောက်ခြင်းအတွက်ထောက်ပံ့ပေးခြင်း၊လမ်းများအဆင့်မြှင့်တင်ခြင်း၊
အသေးစားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ဝင်ငွေရမည့်လုပ်ငန်းများ၊သင်တန်းဌာနများတည်ဆောက်ပေးခြင်း၊
ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း၊
အမျိုးသမီးများအားလုပ်ပိုင်ခွင့်ပေးခြင်းနှင့်ကလေးသူငယ်ကောင်းကျိုးဆောင်ရွက်ခြင်းများလည်းပါဝင်သည်။
အိမ်အလုံးပေါင်း(၂၅၀)တည်ဆောက်ခြင်းမှာရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင်ပထမခြေလှမ်းဖြစ်ပြီးအောင်မြင်စွာတည် ဆောက်ပြီးစီးပြီဖြစ်သည်။အခြားသော စီမံကိန်းများဖြစ်သည့် ဆိုလာပါဝါနှင့်ဆက်စပ်သောစီမံကိန်းများ၊ ဆောက်လုပ် ရေးနှင့်ဆက်စပ်သောစီမံကိန်းများ၊ စက်မှုလယ်ယာကူးပြောင်းရေးစီမံကိန်းများနှင့်စွမ်းဆောင်ရည်မြှင့်တင်မှု စီမံကိန်းများ အဆိုပြုလွှာ (၂၂)အားလည်း ယခုအခါ လေ့လာသုံးသပ်လျက်ရှိပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံသံရုံးသည်ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ စစ်တွေကွန်ပျူတာတက္ကသိုလ်အသုံးပြုရန် ကွန်ပျူတာအစုံ (၄၀) နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုရန်လယ်ထွန်စက်(၁၅)လုံးနှင့်ရိတ်သိမ်းစက်(၁၅)လုံး တို့ကိုလည်း သီးခြားလှူဒါန်းကာ ၂၀၁၉ခုနှစ် ဇွန်လတွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဤသို့လှူဒါန်းခြင်းသည် အိန္ဒိယနိုင်ငံ အစိုးရ၏ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းငယ်များအစီအစဉ်အရ ပြုလုပ်ခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ယခင်စောပိုင်းအချိန် ကာလတွင်လည်း ရခိုင်ပြည်နယ် စစ်တွေပြည်သူ့ဆေးရုံကြီး၏ ဝန်ဆောင်မှုများမြှင့်တင်နိုင်ရန်အတွက် ဆေးဘက်ဆိုင်ရာ ကိရိယာများလည်း ပံ့ပိုးပေးခဲ့ပါသည်။

အိန္ဒိယနိုင်ငံအစိုးရသည် ကုလားတန် ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းများ ဖြစ်သော ရခိုင်ပြည်နယ်၊စစ်တွေမြို့နှင့်ချင်းပြည်နယ်၊ပလက်ဝမြို့တို့တွင် စစ်တွေဆိပ်ကမ်းနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဆိပ်ကမ်း တို့အားတည်ဆောက်ပြီးစီးပြီဖြစ်သည်။ ထိုစစ်တွေဆိပ်ကမ်းနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဆိပ်ကမ်းတို့အတွက် အော်ပရေတာနှင့်စီမံထိန်းသိမ်းရေးဆောင်ရွက်မည့်သူများအားရွေးချယ်ရန်အတွက်အဆိုပြုလွှာ တင်သွင်းရန်အတွက် ကြေညာ ထားပြီးဖြစ်ပါသည်။ အထက်ပါကုလားတန်စီမံကိန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အကူအညီ ရရှိမည်ဖြစ်ပြီး ပြည်နယ် အတွင်းရှိဒေသခံများအတွက်အကျိုးရှိစေကာအိန္ဒိယနိုင်ငံ၏အရှေ့မြောက်ဒေသနှင့် ဆက် သွယ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကုလားတန်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ပလက်ဝမှ အိန္ဒိယနိုင်ငံ၊ မီဇို ရမ်ပြည် နယ်တွင်ရှိသော ဇိုရင်ပူသို့လည်း လမ်းဖောက်လုပ်လျက်ရှိပါသည်။ထိုလမ်းပြီးဆုံးသွားလျှင်မြန်မာနိုင်ငံ၊စစ်တွေ ဆိပ်ကမ်း မှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ဆက်သွယ်သွားလာနိုင်ပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုလားတန်ဘက်စုံ သုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း၏ စုစုပေါင်းကုန်ကျ စရိတ်မှာအမေရိကန်ဒေါ်လာ (၄၈၄)သန်းခန့်ဖြစ်သည်။

အိန္ဒိယနိုင်ငံသံရုံး၊ရန်ကုန်မြို့

၂၀၁၉ ခုနှစ်၊ဇူလိုင်လ (၉)ရက်။

***